ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အကောက်ခွန်နှုန်းလျှော့ချသည့် ကာလသက်တမ်းတိုးမြှင့်ခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ပြည်တွင်း၌ အများပြည်သူအသုံးပြုသော ယာဉ်၊ ယန္တရားများအတွက် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုကို ထိန်းညှိနိုင်ရန်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရရှိစေရန်အတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၏ အခန်း၂၇၊ ခေါင်းစဉ် (၂၇.၁၀) ပါ HS Code ၂၇၁၀.၁၉.၇၁.၀၀ အောက်တွင် အကျုံးဝင်သော ဒီဇယ်ဆီ HSD (500 ppm) ၏ အကောက်ခွန်နှုန်းကို လက်ရှိအကောက်ခွန်နှုန်း ၁.၅ ရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခြင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၁-၅-၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၂၆ အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ထိ ကာလအတွက် အကျိုးသက်ရောက်စေခဲ့ပါသည်။

၃။ အဆိုပါ ဒီဇယ်ဆီ HSD (500 ppm) ၏ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်းကို ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရန် ကာလတိုးမြှင့်သတ်မှတ်လိုက်သည်။

ဒေါက်တာကံဇော်

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘ၁ - ၅/ ၁/ ၃ (၁၃၆၈ /၂၀၂၆)

ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ ၁၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့ရုံး
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ကျန်ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

(ဟန်ဝင်းအောင်)
ဒုတိယဝန်ကြီး